# HCV ➢ အခန်း (၃) ကျန်းမာရေးစနစ်

## Australia နိုင်ငံ၏ကျန်းမာရေး စနစ်

ပြည်သတို့၏ကျန်းမာရေးအတွက်အဘက်ဘက်မှဝိုင်းဝန်းပန့်ပိုးတာဝန်ယူကြသောပုဂ္ဂိုလ်များ အသင်း အဖွဲ့အစည်းများနှင့် ဝန်ဆောင်ဌာနများကို တလုံးတစုတည်း ခေါ်ဝေါ်သးစွဲသည့် ဝေါဟာရမှာ **ကျန်းမာရေးစနစ်** ဖြစ်ပါသည်။ ထိုစနစ်တွင် အထွေထွေကုသရေး ဆရာဝန်များ (GPs)၊ သနာပြုများ၊ အထူးကု ဆရာဝန်များ၊ ဆေးရုံများ၊ လူမှုဝန်ထမ်းများ၊ လူနာအားဘာသာပြန်ပေးသများနှင့် အခြား ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်ဌာနများ ပါဝင်ပါသည်။

သက်ဆိုင်ရာအကြောင်းအရာများနှင့် လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ရှာဖွေသည့်ကိစ္စသည် အထူးသဖြင့် မကျန်းမမာဖြစ်နေ သအတွက်လည်းကောင်း အင်္ဂလိပ်စာ ကျင်လည်စွာ သနားလည်စွမ်း မရှိသတဦးအတွက်လည်းကောင်း အလွန်ကြီးမားသော ပြသနာ တခုဖြစ်ပေသည်။ Hepatitis အသရောင်ရောဂါသည်တဦးအတွက် ယခင်ကအသးမလို၍ အသးမပြု ခဲ့သော ကျန်းမာရေးဝနဆောင်မှုပေးသည့် ဌာန များ၏ အကူအညီတို့ကို ရယူရန်လိုပါမည်။ မည်သည့်ဝန်ဆောင်မှု မည်သသော အထောက်အပံအကူအညီများ ရရှိနိုင်ကြောင်းနှင့် ထိုအထောက်အပန့်များကို မည်သမည်ပုံရရှိနိူင် ကြောင်းကို လူနာတဦးအနေဖြင့် သရှိရန်လိုပါမည်။

သင်၏ အထွေထွေကုသရေး ဆရာဝန်( GP ) သမဟုတ် သနာပြု သမဟုတ် ပြည်သ ကျန်းမာရေး ဝန်ထမ်းတို့သည် တနိုင်ငံလုံး၏ ကျန်းမာရေးစနစ် တခုလုံး မည်သမည်ပုံ လည်ပတ်သည်ကို သရှိကြပါသည်။ ဥပမာအားဖြင့် ရောဂါသည်တဦး နေထိုင်သော ရပ်ကွက်တွင် မည်သည့်ဆေးရုံဆေးခန်းနှင့် အခြားမည်သည့် ကျန်းမာရေး ဝန်ဆောင်မှု ပေးသည်ဌာန ရှိသည်တို့ကို အလွယ်တကူ ပြောပြနိူင်သများ ဖြစ်ပါသည်။

## Hepatitis အသရောင်ရောဂါ ကုသရာတွင်ပါ ဝင်ဆောင်ရွက်ကြသည့်ကျန်းမာရေး လုပ်ငန်း ကျွမ်းကျင်သများ၏ အခန်းကဏ္ဍ

### အသရောဂါ အထူးကုဆေးခန်း (Liver Clinic)

ဆေးရုံများတွင် အသရောဂါ အထူးကုဆေးခန်းထားရှိပြီး အသနှင့်ပတ်သက်သောရောဂါ လက္ခဏာစစ်ဆေးခြင်း ရောဂါ အခြေအနေ ကိုခန့်မှန်းခြင်း ဆေးကုသပေး ခြင်းအပြင် အသရောင်ရော ဂါရှိသများအားလိုအပ်သော ဝန်ဆောင်မှုများ ပန့်ပိုးမှုများ ပေးပါသည်။ မြို့ကြီးများ၌လည်းကောင်း အရပ်ဒေသ လိုအပ်ချက်အရလည်းကောင်း ဖွင့်လှစ်ထားသော အသအထူးကုဆေးဌာနများ ထားရှိပါသည်။ ယင်း ဌာနများကို သင့်အနေဖြင့် တိုက်ရိုက် ဆက်သယ်၍ တွေ့ခွင့်ရက်ချိန်းနှင့် အချိန်တို့ရယူပြီး လူကိုယ်တိုင် သားရောက် တွေ့ဆုံနိုင် ပါသည်။ သင့်အားတွေ့ဆုံ၍ သင်၏ရောဂါ ကုသရေးကို စီစဉ်ပေးပါလိမ့်မည်။ ဤသတွေ့ဆုံရာသ သင်၏ GP ဆရာဝန်ထံမှ သင့်အား ရည်ညွန်းရောဂါ နှင့်ပတ်သက်သည့် ပဏာမ စစ်ဆေး တွေ့ရှိချက်များကို ဖေါ်ပြထားသော စာနှင့်သင်၏သေးစစ်ချက် မှတ်တမ်းမိတ္တူ(ရှိခဲ့သော်) တို့ကိုသင်နှင့်အတူ တပါတည်းယူသားရပါလိမ့်မည်။

### သနာပြု (Nurse)

သနာပြု၏ အခန်းဂဏ္ဍမှာ လူနာဆေးကုသမှုတွင် ရောက်ရှိနေသော အဆင့် နှင့် သသင့် သထက်သော အကြောင်းအရာတို့ကိုလူနာအား ပြောပြခြင်းနှင့် နာတာရှည် Hepatitis C

အသရောင်ရောဂါ ဖြစ်နေသလူနာ၏ အခြေအနေစောင့်ကြပ်ကြည့်ရှု စစ်ဆေးပေးခြင်းတို့ ဖြစ်ပါသည်။ သနာပြု များ သည်သင်အား မည်သသော ဆေးကုသမှု ကုထုံးများရှိကြောင်းကိုလည်း ပြောပြပါလိမ့် မည်။ ထို့ ပင်သနာပြု များသည် သင်၏ဘဝရှေရေး သ၏အလုပ်အကိုင်တို့ နှင့်ပတ်သက်၍ လည်းကောင်း ကိုယ်စိတ်ဆင်းရဲခြင်းနှင့်လည်းကောင်း အကြံကောင်း ဉာဏ်ကောင်းများပေးပါ လိမ့် မည်။ ဆက်လက်၍ ဆေးကုသနိုင်ရန်နှင့် မလိုလားအပ်သောဘေးထွက်အကျိုး ဆက်များကို ကိုင်တွယ်ဖြေရှင်း နိုင်ရန်လိုအပ်သည်အကြံ ဉာဏ် များပေးပါ လိမ့် မည်။

## ကိုယ်ပိုင်လုပ်ငန်းရှင်သနာပြုများ (Nurse Practitioner)

ကိုယ်ပိုင်လုပ်ငန်းရှင် သနာပြုများသည် အတွေ့အကြုံများစွာရှိသများဖြစ်ကြပြီး ဆရာဝန်များနှင့် လက်တွဲ၍ လည်းကောင်း ရောဂါ အထူးကုကျွမ်းကျင‌သ များနှင့် ပူးတွဲ၍လည်းကောင်း တဦးချင်းအနေဖြင့် လည်းကောင်း သနာ ပြုလုပ်ငန်းကို ဆောင်ရွက်နေသများ ဖြစ်ပါသည်။ ယင်းတို့၏အဓိကလုပ်ငန်းမှာရောဂါ သည်များကို ရည်ညွှန်းလျက် အခြားအထူးပြု ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းများ လုပ်ကိုင်ကြသော ကျွမ်းကျင်သများထံလူနာတဦး၏ရောဂါ အခြေအနေကို အစီရင်ခံခြင်း လိုအပ်သောဆေးဝါးများ မှီဝဲနိုင်ရန်ဆေးညွှန်းရေးခြင်း သေးစစ်ခြင်း နှင့်ရောဂါအမျိုးမျိုးတို့အတွက်ဆေးစစ်ပေးခြင်း တို့ဖြစ်ပါသည်။

## အထွေထွေရောဂါ ကုဆရာဝန် (General Practitioner)

Australia နိုင်ငံတွင် အများပြည်သတို့သည် နာမကျန်းဖြစ်ခဲ့သော ဒေသခံဆရာဝန် (သမဟုတ်) အထွေထွေရောဂါကုဆရာဝန်ထံ ချဉ်းကပ်ရပါသည်။ ဆရာဝန်နှင့်တွေ့သောအခါ Hepatitis C အသရောင်ရောဂါသည အနေဖြင့် မိမိရောဂါအကြောင်း ဆေးကုသမှုအကြောင်းတို့ကို မေးမြန်းရမည် ဆွေးနွေးရမည်။ ဆရာဝန်သည် သင့်ကိုရည်ညွှန်းပြီး အသရောဂါကုဆေးဌာန သမဟုတ် အထူးကုဆရာဝန်ထံ လိပ်မူလျက် သင့်ရောဂါ အခြေအနေကိုဖေါ် ပြလျက်စာရေးပြီးလိုအပ်သော ရောဂါ စစ်ဆေး မှု နှင့် ဆေးကုသမှု များ ဆက်လက်လုပ်ကိုင်ပေးရန် ပန်ကြားလွှာရေး ပေးပါမည်။ Hepatitis C အသရောင်ရောဂါ ဆေးစာကို အထူးကုဆရာဝန်တဦး၏ ကြီးကြပ်မှုဖြင့်သာရေးခွင့်ရှိပါသည်။ သသော်ငြားလဲ အထွေထွေရောဂါကုဆရာဝန်တဦးနှင့် အချိန်မှန်မှန် ထိတွေ့နေခြင်းသည် နာတာရှည် Hepatitis C ဝေဒနာရှင် အသက်ရှင်ရေးအတွက် မလွှဲမသေ လုပ်ရမည့်အလုပ်တခုဖြစ်ပါသည်။

ထပ်လောင်း၍ ပြောကြားလိုသည်မှာ သင်၏အိမ်အနီးအနားတွင်ရှိသ အထွေထွေရောဂါကုဆရာဝန် တဦးဦးနှင့်ဆေးကုသနိုင်ပါက Hepatitis C အသရောင်ရောဂါ ဆေးကုသမှုအတွက် များစွာအထောက်အကူပြုပါသည်။ သင်၏ဆရာဝန်(GP)သည် တလုံးတစည်းတည်း ဆေးကုခငွေ တောင်းသောစနစ်ကို သုံးလျင်ဆေးကုသမှု သည် သင့်အတွက်အခမဲ့ဖြစ်ပါလိမ့်မည်။ ယင်းကုန်ကျငွေကို ပြည်သကျန်းမာရေးအဖွဲ့(Medicare)က ကျခံ၏ပါလိမ့်မည်။ တလုံးတစည်းတည်း မတောင်းခံပဲ လူနာတဦးချင်းထံမှ တိုက်ရိုက်တောင်း သောစနစ်ကို သုံးခဲ့သော် သင့်အနေဖြင့် ကုန်ကျငွေ၏ အချို့ တစိတ်တဒေသကို ပြည်သကျန်းမာရေးဌာနမှ တောင်းယူရပါ မည်။

## အထူးကုဆရာဝန် (Specialist)

အထူးကုဆရာဝန်ဆိုသည်မှာ ရောဂါတခုကိုကျွမ်းကျွမ်းကျင်ကျင် ဆေးကုနိုင်အောင် အထူးပြု လေ့လာထားသော ဆရာဝန် ဖြစ်ပါသည်။ ဆေးရုံရှိ အသရောဂါ ဆေးကုဌာနများ၌သော်လည်းကောင်း ကိုယ်ပိုင်အထူးကုဆေးခန်းများ၌သော်လည်းကောင်း အထူးကုဆရာ ဝန်ကြီးအနေဖြင့် ဆေးကုပေးပါသည်။ အထူးကုဆရာဝန်တဦးကို တွေ့နိုင်ရန်

သင်၏ဆရာဝန်(GP) ၏ သင့်အတွက် ရည်ညွှန်းစာနှင့် တွေ့ခွင့်ရက်ချိန်းအချိန်တို့ ကြိုတင်ရ ယူထားရပါမည်။ သင်ဆေးကုသမှု ခံယူနေစဉ်ကာလ တလျှောက် အထူးကုဆရာဝန်သည် ဆေးကုပေးမှု အဆင့်ဆင့်ကိုတာဝန်ယူကြီး ကြပ်ပေးပါမည်။

ဆေးကုသမှုအစဦးတွင် အထူးကုဆရာဝန်သည် သင်ရောဂါ ဖြစ်လာပုံ သမိုင်းကြောင်းကို လေ့လာပါမည်။ သင်၏ရောဂါ သက်သာရာ သက်သာရာကြောင်း အတွက် လုပ်ဆောင်ရမည့် အစီအစဉ်နှင့်ရောဂါ ကုသရေးကုထုံးကုနည်းတို့ကို သင်နှင့် ဆွေးနွေးပါ လိမ့်မည်။ အထူးကုဆရာဝန်သည်ရောဂါ စစ်ဆေးရေးကိစ အဝဝကို ဆောင်ရွက်စေပြီး တွေ့ရှိချက်များအပေါ် သင့်အားရှင်းပြပါလိမ့်မည်။ သင့်အနေဖြင့် ဆေးကုသမှုကို ဆက်လက်ခံယူသော ဆေးကုဌာနအနေဖြင့် သင့်အပေါ် ဆေးကုသမှုကို စောင့်ကြပ်စီစစ်ပေးပါလိမ့်မည်။ ဆေးကုသမှု မခံယူတော့ဟု ဆုံးဖြတ်လျှင် သင်၏အသလုပ်ဆောင်မှု အခြေအနေကို စောင့်ကြပ်စိစစ်ပေးပါမည်။

ကိုယ်ပိုင်လုပ်ငန်း အဖြစ် ဆေးကုသပေးသော အထူးကုဆရာဝန်တို့သည် တလုံးတစည်းတည်း ဆေးကုခငွေတောင်းသောစနစ်မသးပါ အထူးကုဆရာဝန်အချို့ သည် ကျန်းမာရေး စောင့်ရှောက်မှုကပ်ပြား (Health care card) ရှိသော လူနာဆိုလျှင် ၎င်း (Bulk bill) စနစ်ကိုအသုံးပြုပါသည်။

## အထူးကုဆရာဝန်အလုပ်သင်များ (Registrar)

အထူးကုဆရာဝန် အလုပ်သင်တဦးသည်လည်း ဆရာဝန်တဦးဖစ်ပါသည်။ ရောဂါ တခုခုကို အထူးပြုကုနိုင်သော အဆင့်ရှိပါသည်။ ဆရာဝန်တဦးဖြစ်ရန် အလုပ်ခွင်တွင် ပညာယူနေသ ဖြစ်ပါသည်။ ဆေးရုံတွင်းရှိ အသရောဂါ ဆေးကုဌာနသ သားရောက်ရာတွင် မကြာခဏ အထူးကုဆရာဝန်ကြီးအစား သ၏လက်ထောက်ဖြစ်သော အထူးကုဆရာဝန်ဖြစ်ရန် ကြိုးစားနေသည့်ဆေးရုံ၏ ဌာနေဆရာဝန် (Registrar) တဦးဦးကိုတွေ့ရပါမည်။ ထိုဆရာဝနသည် တာဝန်ခ အထူးကုဆရာဝန် ကြီး၏ကြီး ကြပ်ကွပ်ကဲမှုကိုခံယူလျက် သင့်အားဆေး ကုပေးပါမည်။

### စကားပြန်

သင့်အား ဆေးကုသပေးသောဆေးခန်းသည် သနာပြု (သမဟုတ်) ဆရာဝန် (သမဟုတ်) ကျန်းမာရေးလုပ်ငန်း ကျွမ်းကျင်သော အတတ်ပညာရှင်နှင့်တိုင်ပင်၍ စကားပြန်တယောက်ကို သင်နှင့်ဆေးနွေးရာတွင် ထားရှိပေးရန် စီစဉ် ပေး နိုင်ပါသည်။
ထိုစကားပြန်၏တာဝန်မှာ ဆွေးနွေးရာ၌ သင်ပြောကြားသော စကားအားလုံး နှင့် ဆေးရုံမှ ကျန်းမာရေး တာဝန်ထမ်းဆောင်ကြသော လုပ်ငန်းကျွမ်း ကျင်သ အတတ်ပညာရှင်များ ပြောကြားကြသောစကားအားလုံးကို ဘာသာပြန်ပေးရန် ဖြစ်ပါသည်။ ဘာသာပန်ရာတွင် စကားပြန်အနေဖြင့် မိမိ၏သဘောထား ထင်မြင်ချက်ကို ထည့်မပြောပါ။

- စကားပြန်တဦး အနားတွင်ရှိသဖြင့် သင့်အနေဖြင့်သင့်အား ပြောကြားသောစကားအားလုံး သဘောပေါက်နားလည်ပါမည်။
- သင်ပြောကြားသော စကားအားလုံး တဖက်လူအနေဖြင့်သဘောပေါ်က်နားလည်မည်။
- သင်မေးချင်သည့် မေးခွန်းများ မေးနိုင်ပြီး လိုအပ်သောအဖြေများရရှိပါမည်။
- ထို့အပြင် မိမိရောဂါ အတွက် ဆေးစစ်ခြင်း ဆေးကုသခင်းတို့နှင့် ပတ်သက်၍ ကောင်းစွာသဘောပေါ်က်နားလည် ပြီး ဆွေးနွေးရာတွင် လိုအပ်သော သဘောတူညီချက်များရရှိလိမ့်မည်။

လူအများစုသည် မိမိ၏ ကိုယ်ရေးကိုယ်တာနှင့် ကျန်းမာရေးအကြောင်းအရာတို့သည် နူးညံ့သမ်မွေ့ပြီး ထိမ်းသမ်းအပ်သော သတပါး မသစေအပ်သော အရာများဖြစ်၍

စကားပြန်မသားလိုပါ။ သင့်အနေဖြင့် စကားပြန်သည် မိမိ၏ လူမျိုးစုအသင်းအဝန်း မဖြစ်နိုင်သလို သင့်တွင်ရောဂါ ရှိကြောင်းမသသလည်း ဖြစ်နိုင်သဖြင့် ထိုသအား သင်၏အတွင်းရေးကို ပြောချင်မည်မဟုတ်ပါ။ အခြားသော ကျန်းမာရေးဝန်ဆောင်များကဲ့သ စကားပြန်တဦးသည် သင်၏အတွင်းရေးကို မပေါက်ကြားရန် ထိမ်းသမ်းရပါမည်။

အရေအချင်းမပြည့်ဝသောစကားပြန်ကိုမသား ပြုရန် အထူးသတိပြုရမည်။ စကားပြန် တဦးအနေဖြင့် သင်၏ အတွင်းရေးကို မပေါက်ကြားရန် ထိမ်းသမ်းအား နည်းနိုင်သလို တိကျစွာ ဆေးနှင့်ပတ်သက်သော ဘာသာပြန်မှုတွင် အလေ့အကျင့်အားနည်းသလည်း ဖြစ်နိုင်ပါသည်။ ဆရာဝန်နှင့် တွေ့ဆုံရာတွင် သင်၏ ခင်မင်သောမိတ်ဆွေသမဟုတ် ဆွေမျိုးသားချင်း တဦးဦးကိုခေါ်ထားနိုင်ပါသည်။ သရာတွင် ထိုသသည် ဘာသာပြန်ခင့်မရှိပါ

တယ်လီဖုံးမှ တဆင့်ဘာသာပြန် တဦး၏ အကူအညီကို နိုင်ငံနေရာတိုင်းတွင် ရရှိနိုင်ပါသည်။ သင်၏ကျန်းမာရေးကိုစောင့်ရှောက်ပေးသ အရည်အချင်း ပြည့်ဝသည့်စကားပြန်နှင့် သင်တို့သုံးဦး တယ်လီဖုန်းဖြင့်ဆက်သယ် ဆွေးနွေး နိုင်ပါသည်။ ဤသဝန်ဆောင်မှု ပေးသည့်လုပ်ငန်းကို TIS တယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု (Telephone Interpreter Service) ဟုခေါ်ပါသည်။ ဤ ဝန်ဆောင်သည့် အခမဲ့ဖြစ်ပြီး အချိန်မရွေး တယ်လီဖုန်း ဆက်သယ် ရယူနိုင်ပါသည်။ ဆက်သယ်ရမည့်တယ်လီဖုန်း နံပါတ်မှာ ၁၃၁၄၅ဝ ဖြစ်ပါသည်။

### လူမှုဝန်ထမ်း နှင့်အကြံပေးပုဂ္ဂိုလ် (Social Worker and Counsellor)

Hepatitis C အသရောင်ရောဂါ ဖြစ်နေသသည် ဘဝ အခကအခဲအမျိုးမျိုးကို ရင်ဆိုင်ရပါသည်။ ခင်မင်သော မိတ်ဆွေများ မိသားစုများအတူနေများသည် သင့်အား အကူအညီအထောက်အပံများ ပေးနေသည့် တိုင်အောင် သတို့နားမလည်သည့်အရာများ ရှိပါသည်။ Hepatitis C အသရောင်ရောဂါ အကြံပေးသများ ဆေးရုံ နှင့် အသရောဂါကုဌာနများ ရှိအကြံပေးသများနှင့် လူမှုဝန်ထမ်းများ သည် Hepatitis C အသရောင်ရောဂါ နှင့်ပတ်သက်ပြီး ပြောဆိုနိုင်သများ ဖြစ်ပါသည်။ အကြံပေး တဦး သမဟုတ် လူမှုဝန်ထမ်းတဦးကို တွေ့ဆုံဆွေးနွေးချင်းသည် သင်၏ဘဝကို သင်ရင်မဆိုင်နိုင်ဟု မဆိုနိုင်ပါ။ အကြံပေး၍ ကူညီမှုယူခြင်းအားဖြင့် သင်၏ခံစားမှုကို ပြောပြ၍ စိတ်သက်သာမှုရနိုင်ပြီး အခက်အခဲ အချို့အတွက် အဖြေရရှိနိုင်ပါသည်။ အကြံပေးနှင့်တိုင်ပင်ဆွေးနွေးခြင်းပြုလုပ် ရန်သင့်မသင့်ကို သင်သာလျှင် ဆုံးဖြတ်ရပါမည်။

သင်၏ အကြံပေးပုဂ္ဂိုလ် သမဟုတ် လူမှုဝန်ထမ်းသည်

- သင့်အတွက် သင့်တော်မည့် ကူညီမှုရရှိရေးအတွက်ဆောင်ရွက်ပေးနိုင်ပါသည်။
- သင့်အား စိတ်ဓါတ် ကြံခိုင်နိုင်အောင် အားပေးနိုင်ပါသည်။
- ရောဂါဆန်းစစ်တွေ့ရှိချက်အပေါ် မည်သ ဆက်လက်ဆောင်ရွက်သင့်သည်ကို သင်ဆုံးဖြတ်နိုင်ရန် ကူညီနိုင်ပါသည်။
- သင်နှင့်အတူ အချို့သောဆေးကုသမှု ရက်ချိန်းများတွင် လိုက်ပါပေးနိုင်ပါသည်။
- သင် နားမလည်သည်များကို ရှင်းပြပေးနိုင်ပါသည်။

### ဓါတ်စာပေး ကျွမ်းကျင်သများ (Dietician)

ဓါတ်စာပေးကျွမ်းကျင်သတို့သည် လူမမာအတွက်ဓါတ်စာနှင့် လူမမာအဟာရဖြစ်စေမည့် အစားအစာများကို အကြံပေးနိုင်ပါသည။ ယင်းတို့သည်ရောဂါသည် အမျိုးမျိုးအတွက် အဟာရ လိုအပ်ချက် အမျိုးမျိုးကို ထောက်ခံအကြံပေး နိုင်သများဖြစ်သည်။ ရောဂါအမျိုးမျိုးတွင် ဆီးချိုရောဂါ

ကိုယ်အလေးချိန်တိုးသည့်ရောဂါ ကိုယ်အလေးချိန်လျော့သည့်ရောဂါ နှလုံးရောဂါ တခုခုနှင့်မတည့်သည့်ရောဂါ အစားအသောက် မကြေချက်နိုင်သည့်ရောဂါနှင့်ရောဂါတို့ပါဝင်ပါသည်။ နာတာရှည် Hepatitis C အသည်းရောင်ရောဂါသည် တဦးအတွက် ကောင်းမွန်စွာနေနိုင်ရေးအတွက် ဓါတ်စာ ဆိုင်ရာအကြံဉာဏ်များသည် လွန်စွာတန်ဘိုးရှိပါသည်။

**အထူးမှတ်သားရန်**

ရောဂါနှင့်ပတ်သက်သည့် အကြောင်းအရာများကို သင်နားလည်နိုင်အောင် ရှင်းလင်းပြရန်မှာ ကျန်းမာရေးကျွမ်းကျင်သဝန်ထမ်းတို၏ တာဝန် ဖြစ်ပါသည်။ အကယ်၍ သင်နားမလည်သော အရာများ ရှိခဲ့လျှင် ထိုအကြောင်းအရာများကို ပြန်လည်ရှင်းပြပေးရန်လည်ကောင်း သမဟုတ် စကားပြန်တ ဦးဦးအား ခေါ်ပေးရန်လည်းကောင်း သင်တောင်းခံ နိုင်ပါသည်။

သင်၏ဝေဒနာ လက်တလော နှင့်အတိတ်ကာလ အခြေအနေနှင့် လက်ရှိမှီဝဲနေရသော ဆေးတိုနှင့်ပတ်သက်၍ ဆရာဝန်ကိုအကြောင်းစုံပြောပြရမည်မှာ သင်၏တာဝန်ဖြစ်ပါသည်။ ဤသပြောပြရာ၌ မိရိုးဖလာအသုံးပြုခဲ့သောဆေးများ အပ်စိုက်ကုသခြင်း Homeopathy နည်းဖြင့် ဆေးကုသမှု ခံယူခြင်း ဆေးဘက်ဝင်ပင် အခြေခံသည့် ဘယဆေးကုထုံး အားဆေး (Vitamins) နှင့် ဖြည့်စွက်ဓါတ်စာအသုံးပြုခြင်းတို့ ပါဝင်ပါသည်။

အကယ်၍ သင်သည် ဆရာဝန်နှင့် ချိန်းဆိုထားခြင်းကို အကြောင်းအမျိုးမျိုးကြောင့် ပျက်ကွက်ရမည ဆိုပါက သင်၏ကျန်းမာရေးစောင့် ရှောက်ပေးသ အထူးသဖြင့် အသရောအထူးကုအား ချက်ချင်းအကြောင်းကြားရမည်။

## Hepatitis C အသည်းရောင်ရောဂါရှိသည့်အတွက် ကျွန်ုပ်၏နိုင်ငံသား ဖြစ်ရေးကို ထိခိုက်နိုင်ပါသလား

Hepatitis C အသည်းရောင်ရောဂါရှိ သတယောက် အတွက် Australia နိုင်ငံသားဖြစ်ရေးတင် မည်သ မျှမထိခိုက် နိုင်ပါ။ သရာတွင် အမှဲတန်း လျှောက်ထားသတဦးအနေဖြင့် သတ်မှတ်ထားသော ကျန်းမာရေးအဆင့်အတန်း စစ်ဆေးခြင်းကို အောင်မြင ရန်လိုပါမည်။ ဤသစစ်ဆေးရာတွင် HIV စစ်ဆေးခြင်းနှင့် ရင်ဘတ်ဓါတ်မှန် ရိုက်ခြင်း ပါဝင်ပါမည်။ အမြဲတမ်း နေထိုင်သတဦး ဖြစ်ရန် သတ်မှတ်ထားသည့် စည်း မျဉ်းဥပဒေ တို့မှာ ရှုပ်ထွေးပါသည်။ အရေအချင်းပြည့်ဝသော လူဝင်လူထွက်ကိစရပ်များကိုဆောင်ရွက်ပေးသတဦးဦးထံမှ တရားဥပဒေ ဆိုင်ရာ အကြံဉာဏ်များ တောင်းခြင်း ဝန်ဆောင်မှုများယူခြင်းသည် မိသားစုနှင့် ခင်မင်သောမိတ်ဆွေများထံ မှအကူအညီ ရယူခြင်းထက် ပိုမိုထိရောက်ပါလိမ့်မည်။